**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ် ကြေညာလွှာများအား သတ်မှတ်ကာလအတွင်းတင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

၁။ နှစ်တစ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေရှိသူများအနေဖြင့် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ **သုံးလပတ် ကုန်ဆုံးပြီးတစ်လအတွင်း** သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရန် လိုအပ်ပါသည်။

၂။ အခွန်ကြေညာလွှာကို သတ်မှတ်ရက်အတွင်း တင်သွင်းနိုင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံ အုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၄ အရ အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့် ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ လျှောက်ထားနိုင်ပါသည်။

၃။ **ကုန်သွယ်လုပ်ငန်းခွန်** သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် **ငွေကျပ် တစ်သိန်း** ကို ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ e-mail ဖြင့် ပေးပို့လိုသည့် အခွန်ထမ်းများအနေဖြင့် Fillable PDF File /Word File များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင် Download ရယူ၍ အောက်ဖော်ပြပါ မိမိနှင့်သက်ဆိုင်သည့် အခွန်ရုံးအသီးသီး၏ e-mail လိပ်စာများသို့ ပေးပို့နိုင် ပါကြောင်း အသိပေးအပ်ပါသည်-

| **စဉ်** | **ရုံးအမည်** | **e-mail:/ ဖုန်း** |
|---|---|---|
| (က) | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး | Ltomyanmar2014@gmail.com<br>၀၁-၃၈၄၅၁၂/ ၀၁-၃၈၄၇၉၇/၀၁-၃၈၄၈၁၂ |
| (ခ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁) | e-mail: tpsmto1@gmail.com<br>၀၁-၃၇၁၇၄၄/ ၀၁-၃၇၁၀၆၁ |
| (ဂ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) | e-mail: tps1mto2@gmail.com<br>၀၁-၆၅၇၅၃၆/ ၀၁-၆၅၇၅၃၇၀၁-၆၅၇၅၈၉ |
| (ဃ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃) | mediumtaxpayersofficethree@gmail.com |
| (င) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄) | mediumtaxpayeroffice4@gmail.com |
| (စ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) | mediumtaxpayeroffice5@gmail.com |
| (ဆ) | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်စည်းကြပ်မှု ခံယူနေသည့် အခွန်ထမ်းများ | irdmedia2018@gmail.com<br>taxserviceunit.ird@gmail.com<br>taxservicemdy@gmail.com |

၅။ ကြေညာလွှာကို စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါရက်စွဲအား တင်သွင်းသည့်နေ့ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဌာနကအီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့အား တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပြီး ယင်းပေးပို့သည့်နေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်ခဲ့ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု သတ်မှတ်မည် ဖြစ်ပါသည်။

၆။ သုံးလပတ်ကြေညာလွှာပုံစံများဖြည့်သွင်းခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးချက် Video File များကို www.ird.gov.mm > media တွင် လေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃ ၊ ၀၆၇-၃၄၃၀၅၂၂ သို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန